The Arakan International



# The Arakan International
# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

## သိမှတ်ဖွယ်ရာ တို့တို့ထွာထွာ

### မဟာတံတိုင်းကြီး



ကမ္ဘာ့အံ့ဖွယ်ခုနစ်သွယ်ထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး မိုင်ပေါင်း ၄၀၀၀ (ခီလိုမီတာ ၆၄၀၀ ခန့်) ရှည်လျားသည့် မဟာတံတိုင်းကြီးကို တရုတ်ပြည်၊ ကွိန်မင်းဆက်မှသျှီဟွင်ဒီ (Shi Huangdi) ဘုရင်လက်ထက်၌အိမ်နားပါးချင်းတိုင်းပြည်များ(အထူးသဖြင့် ဟန်များ၊ မွန်ဂို များ)၏ ကျူးကျော်တိုက်ခိုက်မှုကို ကာကွယ်ရန်ရည်ရွယ်ချက်ဖြင့် ကွိန်မင်းဆက် အာဏာရ သည့် (ဘီစီ ၆၈၅ မှ ၂၂၁ အထိ)နှစ်များအတွင်းတွင် စတင်တည်ထောင်ခြင်း ဖြစ်ပါသည်။ ကွိန်မင်းဆက်အပြီး နန်းတက်လာသည့် ဟန်မင်းဆက်(ဘီစီ ၂၀၂ မှ အေဒီ ၂၂၀)ဘုရင် များသည်လည်း မဟာတံတိုင်းကြီးကိုဆက်လက်ထိမ်းသိမ်း၍ တည်ထောင်ခကတ်ပါသည်။ နောက်ပိုင်းတွင် တံတိုင်းကြီးအား အကြီးမားဆုံးတည်ထောင်ခသူများမှာ မိန်မင်းဆက် (၁၃၆၈–၁၆၄၄) မှ မင်းများဖြစ်ကတ်၏။ တံတိုင်းကြီး၏အမြင့်မှာပေ ၂၀ မှ ၅၀ (၆ မီတာမှ ၁၅ မီတာအထိ) အတွင်းတွင်ဟိပြီး အကျယ်မှာ ၁၃ ပေမှ ၄၀ ပေ (၄ မီတာမှ ၁၂ မီတာ) များအတွင်းတွင်ဟိသည်။

### အန္တာတိကတိုက်



အန္တာတိကတိုက်သည် ကမ္ဘာတွင် အအေးဆုံး၊ လေတိုက်ခံရမှုအများဆုံးနှင့် လူသူအရောက်အပေါက် (သို့မဟုတ်) လူနီထိုင်မှု အနည်းဆုံးသောတိုက်ဖြစ်သည်။ အန္တာတိကတိုက်၏အကျယ်အဝန်းမှာ ဧရိယာစတုရန်းမိုင်ပေါင်း ၅၄၀၅၀၀၀ (၁၄၀၀၀၀၀၀ စတုရန်းခီလိုမီတာ – အမေရိကန်နှင့်မက္ကဆီကိုနှစ်နိုင်ငံပေါင်းထက်ပိုကြီးသည်) ဟိပြီး တိုက်မျက်နှာပြင်တစ်ခုလုံးနီးပါးကို ဒုအထူ ၃ မိုင်ခန့်ဟိသည့် ရီခဲများကဖုံးလွှမ်းထားသည်။ ပစိဖိတ်သမုဒ္ဒရာ၊ အတ္တလန်တိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာရို့၏ ရီပြင်အစိတ်အပိုင်းများသည် အန္တာတိကတိုက်ပတ်လည်ကို ဝိုင်းရံထားသည်။







### အာတိတ်သမုဒ္ဒရာ

အာတိတ်သမုဒ္ဒရာသည် ကမ္ဘာပေါ်ဟိ သမုဒ္ဒရာများအနက် အငယ်ဆုံးဖြစ်သည်။ ဧရိယာစတုရန်းမိုင်ပေါင်း ၅၄၄၀၀၀၀ (၁၄၀၉၀၀၀၀ စတုရန်းကီလိုမီတာ) ဟိသည်။ မြောက်ဝင်ရိုးစွန်းသည် အာတိတ်သမုဒ္ဒရာ၏ အလယ်ဗဟိုနားတွင်တည်ဟိသည်။ နော်ဝေနိုင်ငံ၊ ရာသျှားနိုင်ငံ၊ အလက်စကာပြည်နယ် (အမေရိကန်) နှင့် ခယ်နေဒါနိုင်ငံရို့၏ အစိတ်အပိုင်းများသည် အာတိတ်သမုဒ္ဒရာနှင့်ထိစပ်လျှက်တည်ဟိသည်။

**ဗာဟုသုတ—အကြားအမြင်များခြင်းသည် မင်္ဂလာဖြစ်သည်။**

**ကျေးဇူးတင်ပါသည်။ အားလုံး ကျကျန်းမာ ချချမ်းသာ ဟိကတ်ပါစီ။ ။**